ဝန်ရင်း
Read on the move

# မိုးစက်ဝိုင်

# တစ်ကိုယ်တော်ကျူးပစ်



# အခန်း (၁)

## အစီရင်ခံစာ

## (သို့)

## ဝတ္ထုမစမီ ဝန်ခံခြင်း

တကယ်တော့ ဒီဝတ္ထုလေးဟာ (၂၀၀၉) ခုနှစ် လောက်က တခြားကလောင်နာမည် တစ်ခုနဲ့ ကျွန်တော် ရေး သားထုတ်ဝေဖူးခဲ့တဲ့ ဝတ္ထုတစ်ပုဒ်ပါ။ အကြောင်းကြောင်းကြောင့် စာဖတ်ပရိသတ်လက်ထဲ သေသေချာချာမရောက် ဖြစ်ခဲ့တဲ့ ဝတ္ထုလေးဆိုလည်း မမှား းပါဘူး။

ခုတော့ စိတ်ထဲမှာ လည်း ကိုယ်ကိုယ်တိုင် အတိုင်းအတာတစ်ခုအထိ သဘောကျမိတဲ့ ဝတ္ထု ဖြစ်နေတာရယ်၊ ကျွန်တော့်ပရိသတ်တွေ ကိုလည်း ဖတ်စေချင်တဲ့စိတ်နဲ့ (အနည်းငယ်ပြောင်းလဲမွမ်းမံပြီး) ပြန်လည်ထုတ်ဝေလိုက်ပါတယ်။

ဒီဝတ္ထုလေးကိုဖတ်ပြီး အတိုင်းအတာတစ်ခုလောက် ကျေနပ်နှစ်သက်တယ်ဆိုရင်ပဲ ပြန်လည်ထုတ်ဝေရကျိုးနပ်ပါပြီ။

မဖတ် ဖြစ်ခဲ့တဲ့ ပရိသတ်တွေ ကို ပြန်ဖတ်စေချင်တဲ့စိတ်နဲ့ . . .

**ကျွန်တော်**

**မိုးစက်ဝိုင်**

**(၂၀၁၂)**

*

# အခန်း (၂)

## ဆိုင်ခီ (Phyche) = ကျူးပစ် (Cupid) ၏ချစ်သူ

*

ခေတ်သစ်ပြက္ခဒိန်ထဲက လင်းဝင်းလှပတဲ့ မနက်ခင်းလေးတစ်ခု မှာ ပါ။ ဝါရွှေလင်းဖန့်နေတဲ့ နေရောင်ခြည်ဟာလည်း တက္ကသိုလ်ရှေ့က အခင်းအကျင်းကို သစ်လွင်တောက်ပနေစေပါတယ်။

ကျွန်တော် စီးလာတဲ့ကျောင်းကားကြီးကလည်း ထုံးစံအတိုင်း တက္ကသိုလ်အဝင်မုခ်ဦးရှေ့မှာ ထိုးရပ်လိုက်တယ်။ ကျောင်းဝန်းထဲကို တန်းဝင်လို့ရအောင်ပေ့ါလေ။ မုခ်ဦးအောက်က ကျောင်းတံခါးကလည်း ထုံးစံအတိုင်း ဖွင့်ထားပါပြီ။ သိတဲ့အတိုင်းပဲ ...ကျွန်တော် ကလည်း ထုံးစံအတိုင်း ကျောင်း ဝန်းထဲကို မဝင်ချင်သေးဘူး။ ကျောင်းကားကြီးကိုသနားလို့ သူ့အပေါ်က တော့ ဆင်းလိုက်ပါတယ်။ ပြီးတော့ ထုံးစံအတိုင်းပါပဲ၊ ကျောင်းရှေ့လမ်းမ တစ်ဖက်က ဂန္ဓဝင်ကင်တင်းကိုပေ့ါ။

ကင်တင်းထဲမှာ လည်း မှာ ယူစားသောက်သံတွေ နဲ့ ထုံးစံအတိုင်း ပွက်လောရိုက်နေလေရဲ့။ မျက်စိကိုဝေ့ကြည့်လိုက်တော့ ကျွန်တော့်ကို လက် လှမ်းပြနေတဲ့ စန်းအောင်ကို တွေ့ လိုက်ရတယ်။ ထုံးစံအတိုင်း မျက်နှာပွရောင်း ရောင်းကြီးနဲ့။ ဒီကောင်က အရက်သောက်တတ်တယ်။ ခုလည်း ညက ဘယ်လောက်သောက်ထားလဲ မသိဘူး၊ ကျွန်တော် ရောက်သွားတဲ့အချိန်မှာ တာတီးနဲ့ ဆာကေးတို့ကို ခြံရံပြီး ကော်ဖီကြမ်းသောက်နေတယ်။ ကျွန်တော် က လက်ဖက်ရည်လှမ်းမှာ ရင်း ...

''ဟေ့ကောင်တွေ ...တောကျီးကန်းတစ်ယောက် မလာသေးဘူး လား''

''ထုံးစံအတိုင်းပေ့ါကွာ''

တာတီးက လှမ်းပြောတယ်။ ကျွန်တော် လည်း ထပ်မမေးတော့ ဘူး။ တောကျီးကန်းက တက္ကသိုလ်လက်ရွေးစင် ဘောလုံးသမားပါ။ ဒီကောင့်နာမည်ရင်းက လှမျိုးမြင့်။ ဒါပေမဲ့ ...အညာသား အသားမဲမို့ တောကျီးကန်းလို့ပဲ ခေါ်ကြတာ။ ခုလည်း ထုံးစံအတိုင်း ဘောလုံးထရိန်နင် ဆင်းနေတယ်လို့ ပြောတာ။ ကျန်တဲ့ကောင်တွေ ကတော့ ဘောလုံးကို လုံးလုံး ကြီးဆိုတာကလွဲပြီး သိတဲ့ကောင်တွေ မဟုတ်ဘူး။ ပြောရရင် ကျွန်တော် က တောင် နည်းနည်း သာမလားပဲ။ ကျွန်တော် က ဘောလုံးမကန်တတ်ပေမယ့် စစ်တုရင်တော့ အတော် လေးထိုးတတ်တယ်။ နည်းနည်း တော့ တကယ်သာ တာပေ့ါ။

ထွေရာလေးပါးတွေ ပြောရင်း စန်းအောင်က စပြီး အဆိုတင်သွင်း လာတယ်။

''ဟေ့ကောင်တွေ ...ပေါက်ကရတွေ ပြောနေမယ့်အစား အကျိုး ရှိမယ့်စကား ပြောရအောင်''

''အေး ...မင်းညီမတွေ အကြောင်း ပြောကြတာပေ့ါ၊ ဘယ်သူ ...မော်မော်နဲ့သော်သော် ဟုတ်လား''

''ကောင်းတယ် ကောင်းတယ်၊ အငယ်နဲ့အကြီးမှာ ဘယ်ဟာက ပိုချောလဲ ဟေ့ကောင်''

စန်းအောင်က မဖြေဘဲ အသံတိတ် လှမ်းဆဲပါတယ်။ ဆာကေးက စန်းအောင်နဲ့ အိမ်နီးချင်းမို့ ဒီကောင့်ညီမတွေ ရဲ့ အိမ်နာမည် တွေ သိနေတာ။ တစ်ရက် တစ်ရက် စကားပြောတိုင်း ခလုတ်တိုက်နေကျမို့ ဒီကောင့်ညီမတွေ ခမျာ မသက်သာလှပါဘူး။ အမှတ်မရှိတဲ့ စန်းအောင်က စကားထပ်စလာ တယ်။ ဒီတစ်ခါတော့ ကျွန်တော့်ကို မေးတာပါ။

''ဟေ့ကောင် ခင်မောင်ဇော် ...မိန်းမတွေ ဟာ မြစ်လိုကွေ့ကောက်

တတ်၏ ဆိုတာ မင်းလက်ခံလား''

''အေး''

တုံးတိကြီး တစ်ခွန်းတည်းဖြေလိုက်လို့ စန်းအောင် စိတ်ညစ်သွား တယ်။ ဒီကောင် ပထမနှစ် တုန်းက သူလိုက်ဖူးတဲ့ကောင်မလေး ရည်းစားရ သွားကတည်းက မိန်းမတွေ ကို အသားလွတ်ကြီး စိတ်နာနေတာ။ ကျွန်တော် တို့က ဒုတိယနှစ် လောက်မှ တွဲ မိကြလို့ ဒီအ ဖြစ်အပျက်တွေ ကို မသိဘူးလေ။

စန်းအောင်ကပဲ ...

''ဆက်ပြောဦးလေကွာ''

''အဟမ်း''

မလိုအပ်ဘဲ ချောင်းဟန့်လိုက်ပေမယ့် ဒီကောင်တွေ အားလုံး လှုပ် လှုပ်ရွရွ ဖြစ်သွားတယ်။ ကျွန်တော့်ဆီက ဗဟုသုတ ဒါမှမဟုတ် ပေါက်တတ် ကရ တစ်ခုခု ကြားရတော့မယ်ဆိုပြီး နားရွက်တွေ အသင့်ပြင်လိုက်တာပါ။

ကျွန်တော် လည်း အကြာကြီးစဉ်းစားပြီးမှ ...

''အေး ...ကွေ့ကောက်တာပေ့ါကွာ''

''ဟာကွာ''

''မင်းကလည်း''

လေလျော့သွားတဲ့ ပူဖောင်းတွေ လို အားလုံး ရှုံ့တွတွ ဖြစ်သွား ကြတယ်။ စန်းအောင်က အဆိုးဆုံးပဲ။ ဒီကောင်က မိန်းမတွေ မကောင်း ကြောင်း တစ်တစ်ခွခွပြောတာကို နားအရသာခံချင်နေတာ။ ကျွန်တော် က တော့ အဲဒီ လောက်အထိ မပြောနိုင်ပါဘူး။ ရည်းစားသနာလည်း မရှိ၊ အသည်းကွဲပြီး ဇာတ်နာနေတဲ့ကောင်လည်း မဟုတ်ဘူးလေ။ ဒါပေမဲ့ ... ဒီကောင်ကျေနပ်အောင် အမြည်းလေး နည်းနည်း တော့ ကျွေးရမယ်ဆိုတာ တွေးမိတယ်။

''နောက်တာပါကွာ၊ အဲ ...ဒီလိုကွ''

''အင်း ...ပြော''

ပြန်တက်ကြွလာကြတယ်။ ဒါနဲ့ပဲ ...

''မိန်းမတွေ ရဲ့သဘောဟာ ဆောင်းလေပမာညီတယ် ဘာညာနဲ့ ကြားဖူးမှာ ပေါ့''

''အေး''

''ဝက်္ကန္တ ကွေ့ကောက်တတ်၏ လို့လည်း ဆိုထားသေးတယ်''

''ဟုတ်ပြီ''

''မန်လည်ဆရာတော် ဘုရားကြီးရဲ့ မာဃဒေဝလင်္ကာသစ်မှာ လည်း အကျယ်တဝံ့ ဖွင့်ဆိုထားတာပဲ၊ ဆယ့်ခြောက်မျက်နှာကျော်တယ်''

''နည်းလိုက်တာကွာ ...ဆက်ပြော''

စောင်းငမ်းငမ်းနဲ့ စန်းအောင်က ထောက်ခံပါတယ်။

''အေးကွာ ...မင်းညီမတွေ ကို သတိရတယ်''

'' ...ပဲ''

ဆာကေးနဲ့ တာတီးကတော့ တဟားဟားနဲ့ ရယ်ကြတော့တယ်။ အရယ်ရပ်တော့မှ ...

''မိန်းမဆိုတာ မရှိမကောင်း, ရှိမကောင်းပဲပေါ့ကွာ၊ သူတို့ရှိလို့ လည်း ငါတို့ရှိလာတာပေါ့၊ နေရင်းထိုင်ရင်း နာကြည်းမနေနဲ့လေ''

''ငါကလည်း အသားလွတ်ကြီး မဟုတ်ပါဘူးကွာ၊ ငါကြုံဖူးတဲ့ မိန်းမတွေ က''

စန်းအောင် စကားမဆုံးခင်မှာ ပဲ ကျွန်တော် က ...

''နေဦး ...ငါပြောပြမယ်''

''လုပ်စမ်းပါကွာ ...ဒီကောင့်ကို ရှင်းပြလိုက်''

တာတီးက ဆရာကြီး ဝင်လုပ်တယ်။ ဒီကောင့်ထုံးစံက ဒါပဲ။ ကျွန် တော် လည်း သူ့ခေါင်းပေါ်က ဖွေကို ယူမနေတော့ဘဲ ...

''မင်းကြုံဖူးတဲ့ ကောင်မလေးအရွယ်က စူးစမ်းတဲ့အရွယ်ကွ ... အချစ်ဆိုတာကို သေသေချာချာ မသိသေးဘူး''

ကျွန်တော် က ဖြီးလိုက်တာပါ။ ဒါကိုပဲ အားတက်သရောနဲ့ စန်း အောင်က ...

''ဒါတော့ ဟုတ်တယ် ...ဆယ့်ရှစ်, နှစ် ဆယ်လောက်ပေါ့''

''ဆိုတော့ ...မင်းကိုလည်း ဒီအရွယ်နဲ့ သိပ်ခံစားနေမှာ မဟုတ်ဘူးလေ၊ နိုင်ငံခြားကဗျာလေးတစ်ပုဒ်ထဲမှာ တောင် မိန်းမတွေ ကို အသက် အရွယ်နဲ့ တိုင်းတာပြီး မိန်းမတွေ ဟာ ကမ္ဘာကြီးနဲ့တူတယ်လို့ ရေး ထားတာ ဖတ်ဖူးတယ်''

''အကျယ်ကို ရှင်းစမ်းပါဦး''

''ဒီလိုကွ ...ဒီကောင့်ကို ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် မခံစားတဲ့ ကောင်မလေးအရွယ်ပေါ့ကွာ''

''ဟေ့ကောင် ...အဲဒါမပါနဲ့လေ''

''အေး အေး ...အသက်နှစ် ဆယ်ပတ်ဝန်းကျင်လောက်အရွယ် ပေါ့ကွာ၊ မိန်းမတွေ ဟာ အာဖရိကတိုက်နဲ့တူတယ်လို့ ဆိုတယ်ကွ''

''ဟေ ...ဘာ ဖြစ်လို့လဲ''

''ဘာ ဖြစ်လို့လဲဆိုတော့ သူတို့ဟာ တစ်ပိုင်းတစ်စပဲ စူးစမ်း ရှာ

ဖွေရသေးလို့တဲ့''

''ကောင်းတယ်ကွာ''

တာတီးရဲ့ ထောက်ခံသံကြီးက တစ်မျိုးကြီးပဲ။ မပြီးသေးတော့ လည်း ကျွန်တော့်မှာ ရှင်းရပြန်တယ်။

''သုံးဆယ်အရွယ်လောက်ကျတော့ ရင့်ကျက်လာပြီ၊ ပူနွေးလာ ပြီ၊ အဲ ...အိန္ဒိယနဲ့တူပြန်ရော''

''ဒါဆို နည်းနည်း တော့ မည် းနေမှာ ပေ့ါနော်''

ဆာကေးစကားကို တာတီးက ရှုတင်းတင်းနဲ့ ...

''မင်းဟာမင်း လှန်ကြည့်ကွာ၊ ခင်မောင်ဇော် ဆက်ပြော''

''အင်း ...လေးဆယ်လောက်မှာ တော့ အမေရိကနဲ့တူလာပြီကွ၊ အတတ်ပညာတွေ ပြည့်ဝလာပြီလေ''

''ဒါလည်း ဟုတ်သားပဲ''

''ငါးဆယ်လောက်ကျတော့ ဥရောပနဲ့ တူပြန်တယ်လို့ ဆိုတယ်၊ အားလုံးဟာ ပျက်စီးယိုယွင်းနေလို့တဲ့''

''နည်းနည်း တော့ များ တယ်နော် ...ဆက်ပါဦး''

''သူရေး ထားတဲ့အတိုင်း ပြောရတာ လေကွာ၊ ခြောက်ဆယ်လောက် လည်း ရောက်ရော''

''ဘာ ...ဘာ ဖြစ်သွားလဲ''

''ဩော် ...ခြောက်ဆယ်အရွယ်လောက်ကျရော ဆိုက်ဘေးရီး ယားနဲ့ တူတယ်တဲ့ကွ''

''အဲဆိုတော့ ဘာ ဖြစ်ရောလဲကွာ''

''ဘာ ဖြစ်ရမှာ လဲ ...ဆိုက်ဘေးရီးယားကို မင်းသိလား''

''သိသားပဲ''

စန်းအောင်ရဲ့အဖြေကို ကျွန်တော် က ...

''ထားပါတော့ ...မင်း ဆိုက်ဘေးရီးယားမှာ သွားနေမလား''

''ဟာ ငါက နေရင်းထိုင်ရင်း အဲဒီ နေရာကြီးမှာ သွားနေရမှာ လား''

''အေး ...အဲဒါပဲ၊ ဘယ်နေရာမှာ ရှိမှန်း လူတိုင်းသိတယ်၊ ဒါပေမဲ့ ဘယ်သူမှ မသွားချင်ကြဘူး''

''ဟီး ဟီး ...သဘောပေါက်ပြီ၊ မဆိုးဘူးနော် အဲဒီ ကဗျာက''

အရေး ထဲ တာတီးက မဆိုးဘူးလုပ်နေသေးတယ်။ သူကပဲ ပိုတတ် သလိုလိုနဲ့။ ကျွန်တော် လည်း ပြောရ၊ ဟောရတာ အာညောင်းသွားတာနဲ့ ခုံပေါ်က အေးနေတဲ့ ရေနွေးကြမ်းခွက်ကို ယူမော့လိုက်တယ်။

ဒီကောင်တွေ က ဒီလောက်ပြောတာတောင် တစ်ခါတလေ နား လည်ချင်မှ နားလည်တာ။ တကယ် နလပိန်းတုံးတွေ လိုပဲ။ ဟိုဆရာတော် ဘုရားကြီးတစ်ပါး ပြောသလို ဟောရင်းပြောရင်းနဲ့ပဲ ပျံလွန်တော် မူရမယ့် ကိန်း ဖြစ်နေတယ်။

စကားပြတ်သွားတော့မှ ပတ်ဝန်းကျင်ကို ဝေ့ကြည့်ရင်း ကျွန်တော် တော် တော် အံ့အားသင့်သွားတယ်။ ကောင်မလေးတစ်ယောက်ပါ။ လှတ ပတလေးနဲ့၊ ခုနက ပြောသလိုဆို အာဖရိကတိုက်လေးပေ့ါ။ တကယ်ပါ။ ကျွန်တော့်ကို စူးစမ်းသလို စိုက်ကြည့်နေလေရဲ့။ ကျွန်တော် ပြောတာတွေ ကို လည်း နားထောင်နေတဲ့ပုံပဲ။ ကျွန်တော် လည်း ဘာလုပ်ရမှန်း မသိတာနဲ့...

''ဟီး''

''ဟွန်း''

သဘောပေါက်ကြမှာ ပါ။ ကျွန်တော် ရယ်ပြလိုက်တာကို အာဖရိကတိုက်ကလေးက မျက်စောင်းထိုးရင်း မဲ့သွားတာဗျ။ ကြည့်ရတာ ဒင်းက လေးက ကျွန်တော့်ကို မကြည်သလိုပဲ။ ကျွန်တော် ဟိုကောင်တွေ အပေါ်မှာ ဆရာကြီး လုပ်နေတာကို ဒင်းကလေး မျက်မုန်းကျိုးသွားပြီ ထင်တယ်။ ကျွန်တော့်ကို ပြန်ကြည့်လာမှာ လားလို့ ဟိုကောင်တွေ မသိအောင် ခိုးငေးနေ တုန်း ...

''ခင်မော်ဇော်ရာ ...ရှာလိုက်ရတာ ဖတ်ဖတ်မောနေပြီကွ ... ဟူး''

အသံနဲ့အတူ အာလာဒင် ပြေးဝင်လာတယ်။ ဒီကောင့်နာမည် ရင်း က တင်မောင်အေးဆိုပေမယ့် ရပ်ကွက်ထဲက လူတွေ က အာလာဒင်ပဲ ခေါ်ကြတာ။ ခုလည်း ဝရုန်းသုန်းကားနဲ့ ဘာ ဖြစ်လာပြန်ပြီလဲ မသိဘူး။ ဒီ ကောင်နဲ့ ကျွန်တော် က တစ်ရပ်ကွက်ထဲသားပေမယ့် မေဂျာမတူလို့ ကျောင်း မှာ မတွဲ ဖြစ်တာပါ။ ခုလည်း ဒင်းရဲ့ မောကြီးပန်းကြီးပုံစံကြောင့် ...

''ထိုင်ပါဦးကွာ ...မျက်လုံးလည်း တက်နင်းမိပါဦးမယ်၊ ဘာ ဖြစ်လာတာလဲ''

ကိုယ်ရှိန်သတ်ရင်း အာလာဒင် ဝင်ထိုင်တယ်။ ကျန်တဲ့ကောင် တွေနဲ့လည်း အထူးမိတ်ဆက်ပေးစရာ မလိုဘူးလေ။ ကျောင်းမှာ ဆုံဆုံနေရ လို့ မျက်မှန်းတန်းပြီးသားပဲ။ အာလာဒင်က ရှက်သလို ရွံ့သလို လုပ်နေပြီး မှ ...

''ဒီလိုကွာ ...ငါ ဖြူနှင်းကို ရည်းစားစကားပြောမလို့ကိစ္စလေ၊ အဲဒါ''

''ဟာ ...အဲဒါ ငါနဲ့ဘာပတ်သက်လို့လဲ၊ မင်းဟာမင်းပဲ ပြော လေ၊ ဟိုတစ်လောကတော့ အဆင်ပြေနေပြီဆို''

ကျွန်တော် လှမ်းပြောလိုက်တော့ အာလာဒင်က ကြေကွဲတဲ့ပုံစံနဲ့...

''အေးကွာ ...ဒီအတိုင်းကတော့ အဆင်ပြေပါတယ်၊ ခု ပရိုပို့စ် လုပ်ရမှာကို ဦးနှောက်စားနေလို့''

''ဘယ်လို''

''ဖြူနှင်းက သူ့ကို ရည်းစားစကား ပြောချင်ရင် သူ့သူငယ်ချင်းတွေ အနားမှာ မရှိတဲ့အချိန်မှ ပြောတဲ့၊ ရစ်တာပါကွာ ...သူတို့အုပ်စုကြီးက အမြဲတမ်း တပူးတွဲ တွဲ နဲ့ဆိုတော့ ငါ့မှာ ဘယ်လိုပြောလို့ရတော့မလဲ''

စန်းအောင်က ဝင်ပြီး ...

''ဒါဆို အိမ်သာသွားတဲ့အချိန်ကော''

''ဟာ ...မကောင်းပါဘူး၊ ပြီးတော့ သူတို့က အိမ်သာသွားရင် တောင် အနည်းဆုံး နှစ် ယောက်တစ်တွဲ ဗျ''

''ကျောင်းဆင်းချိန်ဆိုရင် မ ဖြစ်ဘူးလား''

''မ ဖြစ်ဘူးဗျ၊ ဖြူနှင်းနဲ့သူတို့အုပ်စုထဲက ချမ်းမြေ့က အိမ်နီးချင်း တွေ ...ဘယ်လိုမှ မလွယ်ဘူး၊ ကျွန်တော် လည်း ချောင်းနေတာကြာပြီ''

အာလာဒင်ခမျာ သနားစရာလေး ဖြစ်နေတယ်။ ဘယ်လောက် တောင် ချောင်းထားလဲ မသိဘူး။ မျက်တွင်းတွေ ဟောက်ပက်နဲ့။ ကြည့်ရတာ ကျွန်တော့်ဆီ အကြံလာတောင်းတယ်နဲ့တူတယ်။ ထင်တဲ့အတိုင်းပဲ ...

''လုပ်စမ်းပါဦး ခင်မောင်ဇော်ရာ ...မင်းကို တိုင်ပင်ချင်လို့ ရှာနေ တာ''

''အေး''

ကျွန်တော် က ဘာမှကို မပြောရသေးဘူး တာတီးက ဆရာကြီး လေသံနဲ့ ဝင်ပြီး ...

''မင်းကောင်မလေးက ဘယ်လောက်ကြီးနေပြီလဲ အာလာဒင်''

''ဗျာ ...ဘယ်ဟာကို ကြီးတာ ပြော ...''

''မဟုတ်ဘူး မဟုတ်ဘူး ...အသက်ကိုပြောတာ''

မျက်ကလူးဆန်ပျာနဲ့ တာတီးက ဝင်တားရင်းပြောတယ်။ လွှတ်ပေးလိုက်ရင် ခုနက အာဖရိကတွေ ၊ အမေရိကတွေ နဲ့ ဆရာကြီး လုပ်တော့ မှာ မို့ ကျွန်တော် ကပဲ ...

''ခဏနေပါဦး တာတီးရာ၊ကဲ အာလာဒင် ...မင်းပြောသလိုဆိုရင် သူတစ်ယောက်တည်းရှိတဲ့အချိန်ဆို ခွင့်ပြုတယ်ပေါ့ ...ဟုတ်လား''

''ဟုတ်တယ် ဟုတ်တယ် ...ဒါပေမဲ့ မလစ်ပါဘူး ခင်မောင်ဇော် ရာ''

''မင်းဘက်က သူ့သူငယ်ချင်းတွေ ဖယ်ထုတ်ပစ်နိုင်ရင်ကော''

''ဟေ ...ခဏလေး ခဏလေး၊ အေးကွ ...အဲဒါဆို သူလက်ခံရ မှာ ပေါ့၊ အဲဒီ လို ပထုတ်နိုင်ရင် သူလက်ခံစကားပြောမယ်လို့ ငါ့ကိုပြောဖူး တယ်''

အာလာဒင် ပြန်အားတက်သွားတယ်။ ဒီအချိန်ဟာ သူ့ဆီက ညာစားလို့အကောင်းဆုံး အချိန်ပဲ။ အကြံတစ်ချက်ပေးလိုက်တာနဲ့ ဒီဝိုင်းကို ရှင်းပေးမယ့် ဒကာတော့ ရောက်နေပြီ။ အာလာဒင်က ရုပ်မရှိပေမယ့် ရေ လျှံတယ်လေ။ ဒီကောင့်ဟန်းဖုန်းကို ကြည့်မိရင်းက ခေါင်းထဲမှာ လက်ခနဲ ဖြစ်သွားတယ်။

''ဒါနဲ့ ခုချိန် မင်း ဖြူနှင်းတို့အုပ်စုက ဘယ်မှာ ရှိနိုင်လဲ''

''ခုလား .၂၂လသမပ ကင်တင်းရှေ့နားက မုန့်ဟင်းခါးဆိုင်မှာ ၊ အုပ်စုလိုက်ကြီးနော်''

''ရပါတယ် ...မင်းနဲ့ဖြူနှင်း နှစ် ယောက်တည်း စကားပြောရစေ ရမယ်၊ မုန့်ဟင်းခါးရောင်းတဲ့ အဒေါ်ကြီးကိုတော့ မင်း မရှက်ပါဘူးနော်''

''ဟာကွာ ...ပြောရဲပါတယ်၊ မင်းက ဘယ်လိုလုပ်မှာ လဲ''

''အေး ...မင်းပြောရဲရင် ရပြီ၊ ဒီလိုကွာ ...

... ... ... ... ... ''

အစချီပြီး ကျွန်တော် ပြောပြလိုက်တယ်။ အာလာဒင်က မျက်လုံး ပြူးပြီး ကမန်းကတန်းနဲ့ ...

'' ဖြစ်ပ့ါမလားကွာ၊ တော် ကြာ ...''

'' ဖြစ်ပါတယ်ကွာ ...မင်းသာ ရုပ်တည်နဲ့လုပ်''

စန်းအောင်တို့ကလည်း ဝိုင်းလှော်ပေးကြတယ်။ ဒါတောင် အာလာဒင်က အင်တင်တင်နဲ့။ နောက်ဆုံးတော့ ကျွန်တော် တို့စားထားတာတွေ ရှင်းလိုက်ရတယ်။ ကျွန်တော် တို့ ကင်တင်းကအထွက်မှာ ခုနက အာဖရိက တိုက်ကလေးကို ကြည့်မိသေးတယ်။ ဒင်းကလေးက မရှိတော့ဘူး။ လစ်သွားပြီထင်တယ်။ ကျွန်တော့်ရင်ထဲမှာ တော့ သူ့မျက်စောင်းလေးကို အမှတ်ရနေ တုန်းပဲ။ ဒါပေမဲ့ သိတယ်မလား။ ဒီကျောင်းအကျယ်ကြီးထဲမှာ တော့ သူနဲ့ ကျွန်တော် ပြန်ဆုံဖို့ မလွယ်ဘူးဆိုတာကိုလေ။

အင်း ...ဆုတောင်းတိုင်း ပြည့်မယ်ဆိုရင်တော့ ပြန်ဆုံချင်ပါ သေးတယ် ကောင်မလေးရယ်။

*

# အခန်း (၃)

Ivory ကင်တင်းရှေ့ရောက်တော့ မုန့်ဟင်းခါးဆိုင်ထဲမှာ ဖြူနှင်းတို့အုပ်စုကြီးကို ငွားငွားစွင့်စွင့် တွေ့လိုက်ရတယ်။ သူတို့အုပ်စုက ဖြူနှင်းအပါအဝင် ငါးယောက်တောင်ဆိုတော့ မုန့်ဟင်းခါးဆိုင်တစ်ခုလုံး ပြည့်နေ သလိုပဲ။ ပြိုင်ပွဲကြီးကျင်းပသလို ပယ်ပယ်နယ်နယ် သွတ်သွင်းနေကြတယ်။ ကျွန်တော်တို့ကိုတော့ သတိထားမိပုံမပေါ်ပါဘူး။ မုန့်ဟင်းခါးကိုပဲ မဲပြီး စားမာန်ခုတ်နေကြတာ။

ကျွန်တော် က အာလာဒင်ကို သွားတော့ဆိုပြီး မေးဆတ်ပြလိုက် တယ်။ အရေး ထဲ လဒလေးက တုန်ချည့်တုန်ချည့် ဖြစ်နေသေးတယ်။ အတင်းတွန်းထုတ်လိုက်မှ ဖြူနှင်းတို့စားနေတဲ့ ဆိုင်လေးရှေ့ကို ငတက် ပြား ခြေလှမ်းနဲ့ မယောင်မလည် ချဉ်းနင်းသွားလေရဲ့။

ဒီဘက်က ကျွန်တော် တို့အုပ်စုကလည်း မုန့်ဟင်းခါးဆိုင်နဲ့ မလှမ်းမကမ်းက အများ သုံး (P.C.O) ဖုန်းဆိုင်လေးနားကိုသွားပြီး အခြေအနေကို အကဲခတ်ရပြီပေ့ါ။

ကြည့်နေတုန်းမှာ ပဲ အာလာဒင်က ဖြူနှင်းတို့အနားကို ကပ်သွား တယ်။ ခေါ်လိုက်လို့လား မသိဘူး ...ဖြူနှင်းက ဆတ်ခနဲ လှည့်ကြည့် တယ်။ ပြီး သူ့ဘေးက သူငယ်ချင်းတွေ ကို မေးငေ့ါပြီး ဘာပြောလိုက်လဲမသိ ဘူး။ အာလာဒင် ဘာမှပြန်မပြောနိုင်ဘဲ ငိုင်တွေ သွားလေရဲ့။ ကျွန်တော် တို့က လည်း ဒီအနေအထားကို စောင့်နေတာပါ။ အချက်ပြလိုက်တာနဲ့ တာတီး က အများ သုံးဖုန်းနဲ့ အာလာဒင်ဟန်းဖုန်းကိုခေါ်လိုက်ရုံပဲ။ ပွဲက ပြတ်ပြီ။

မုန့်ဟင်းခါးဆိုင်ရှေ့မှာ ရပ်နေတဲ့ အာလာဒင်က ဖုန်းမြည်လာလို့ သူ့ဟန်းဖုန်းကို ဟန်ပါပါထုတ်ပြီး နားထောင်လိုက်တယ်။ ဖြူနှင်းတို့အုပ်စု ကတော့ မေးငေ့ါသူငေ့ါနဲ့ မသိချင်ဟန်ဆောင်ပြီး စားသောက်နေကြတုန်းပဲ။ အာလာဒင်ကို

ဖုတ်လေတဲ့ငါးပိ ရှိတယ်လို့တောင် ထင်ပုံမရဘူး။

အာလာဒင်ကလည်း အေးအေးဆေးဆေးပါပဲ။ ဖုန်းပြောပါတော့ တယ်။

''ဟဲလို အင်း ...ကိုသိန်းထွန်းလား ...ဟုတ်ကဲ့၊ ကျွန်တော် ဒီနေ့ သင်တန်းကို လာနိုင်မယ်မထင်တော့ဘူး၊ ဟုတ်တယ်ဗျ ... ချီးတွေ ပန်းနေလို့လေ''

ကြားနေရတဲ့ ဖြူနှင်းတို့အုပ်စု လှုပ်လှုပ်ရှားရှား ဖြစ်သွားတယ်။ စားနေသောက်နေတဲ့အချိန်မှာ အင်အင်းကိစ္စကို ကြားလိုက်ရတာ ကိုး။ အာလာဒင်ကတော့ လုံးဝဂရုမစိုက်ပါဘူး။ တစ်ယောက်တည်း ဆက်ပြော နေလေရဲ့။

''ဟုတ်တယ် ကိုသိန်းထွန်းရာ ...မနေ့က ကျောင်းကအပြန်မှာ ဝက်သားတုတ်ထိုးတွေ နင်းကန်စားလိုက်မိလို့၊ အိမ်မှာ ညစာကလည်း ဘဲဥချဉ်ရည်ဟင်းဆိုတော့ ပြီးရော၊ တစ်ညလုံးဗျာ ...ဟုတ်တာပေ့ါ၊ အရည် တွေ ချည်းပဲ။ အိပ်ရာထဲမှာ တောင် ထွက်ကျသေးတယ်။ ဟုတ်ပ့ါဗျာ ...ငရုတ် သီးဖတ်တွေနဲ့''

တိုင်ပင်ထားတဲ့အတိုင်းပဲ ဖြူနှင်းတို့အုပ်စုတစ်ခုလုံး မုန့်ဟင်းခါး ပန်းကန်တွေ ကို ဂုန်းခနဲ ဆောင့်ချလိုက်ကြတယ်။ ဆက်ပြီး မျိုမကျတော့တဲ့ ပုံစံမျိုးပဲ။ ဒီကောင်ကလည်း တစ်လောကလုံးကြားအောင် အီးကို ပုံဖော်နေ တာကိုး။

''ဒါပေ့ါ ...ကျောင်းတက်လို့တော့ ရတယ်ဆိုပြီး လာခဲ့တာ၊ ဒီလောက် ချေးပန်းနေတဲ့ကြားက မုန့်ဟင်းခါးတစ်ပွဲကို မေ့ပြီးစားလိုက်သေး တယ်၊ ခုတောင် ဗိုက်ထဲက ရစ်လာပြန်ပြီ၊ အရည်တွေ ပဲ လာဦးမလား မသိဘူး၊ ဒုက္ခပါပဲဗျာ ...အီး အား ...ကိုသိန်းထွန်း ခဏလေး ခဏလေး''

ဗိုက်ထဲက ဝေဒနာကို မခံစားနိုင်တော့လို့ နေရာရှာသလို ကြည့် လိုက်တော့ ဟိုအုပ်စုကြီးလည်း ...

'ဝေါ့'

'ထွီ'

''ရှုံလိုက်တာဟယ်၊ ဖြူနှင်း ...နင့်ကောင်ကိုပြောဦး''

''ငါလည်း မရတော့ဘူး ...အန်ချင်လာပြီဟ''

အသံမျိုးစုံ ထွက်လာပြီး ဖြူနှင်းတို့အုပ်စု ဖရိုဖရဲ ဖြစ်သွားကြတယ်။ ဝရန်းသုန်းကားနဲ့ မုန့်ဟင်းခါးဆိုင်က ထပြီးပြေးကြတော့တာပဲ။ ဘယ်လောက်တောင် ဖြစ်သွားကြလဲ မသိဘူး။ ဒီဘက်က ကျွန်တော် တို့တောင် ဒီကောင် ပုံနှင့်တကွ ရှင်းပြတာကိုကြားပြီး ပျို့တက်လာကြတယ်။ စားနေတဲ့လူတွေ ဆို တော့ ပြီးရောပေါ့။ ဒီကောင် ထပ်မထွက်ကျခင်လေး ထပြေးကြတာ ဖြစ်မယ်။

ဖြူနှင်းခများ သူနဲ့တိုက်ရိုက်ပတ်သက်သူ ဖြစ်နေတော့ အာလာဒင်ကို ရဲရဲနီနေတဲ့မျက်နှာနဲ့ ရန်တွေ့ ဖို့ပြင်လိုက်တယ်။ အရှက်ခွဲခံလိုက်ရသလို ဖြစ်သွားလို့ထင်ပါတယ်။ အသားတွေ တဆတ်ဆတ်တုန်နေလေရဲ့။

ဘယ်သူမှမရှိတော့မှ အာလာဒင်က ဖုန်းကိုပိတ်လိုက်ပြီး ဖြူနှင်း ဘေးမှာ ဆတ်ခနဲ ဝင်ထိုင်လိုက်တယ်။ ပြီး အသနားခံတဲ့ မျက်နှာလေးနဲ့...

''ဒီလိုမှမလုပ်ရင် မ ဖြစ်လို့ပါ ဖြူနှင်းရယ်၊ နင်နဲ့နှစ် ယောက်တည်း ပြောခွင့်ရချင်လို့ ခုလို ကြံလိုက်ရတာ ပါ၊ ငါ့ကို ခွင့်လွှတ်ပါဟာ၊ ငါ နင့်ကို အရမ်း ...''

''ဟယ် ...ဖြူနှင်း ဟုတ်ပါတယ်နော်၊ ငါ စိမ်းလဲ့လေ ...နင် မှတ်မိတယ်မဟုတ်လား''

အာလာဒင် နင်သွားပါတယ်။ ဖြူနှင်းတစ်ယောက်တည်း ဖြစ်အောင် အကွက်ဆင်ပြီးခါမှ ဘယ်ကဘယ်လို ကောင်မလေးတစ်ယောက်က ရောက် လာပြန်လဲ မသိဘူး။ ဖြူနှင်းကတော့ ရတ်တရက် ကြောင်နေတယ်။ အာလာ ဒင်ကို ဒေါသထွက်ဖို့ဆဲဆဲမှာ ရည်းစားစကား ပြောခံရမလို ဖြစ်သွားလို့ မှင်တက်နေတုန်း ခုလို ကောင်မလေးတစ်ယောက်က သူနဲ့သူငယ်ချင်းဆိုပြီး ရောက်လာလို့ပါ။

ဖြူနှင်းလည်း အာလာဒင်ကိုကြည့်ပြီး ရယ်ချင်သွားတယ်။ ချက်ချင်း ပဲ အခွင့်အရေး ကို လက်လွှတ်မခံဘဲ ...

''အေး အေး ...စိမ်းလဲ့ ထိုင်လေဟယ်၊ မုန့်ဟင်းခါးစားဦး၊ ဒီမှာ ငါတစ်ယောက်တည်း ဖြစ်နေလို့''

ပြောပြီး အာလာဒင်ကို အဓိပ္ပာယ်ပါပါကြည့်ရင်း ခေါင်းခါပြလိုက်တယ်။ သဘောက သူတစ်ယောက်တည်း မဟုတ်တော့ဘူးပေ့ါ။ အာလာ ဒင်ခမျာ ဒီလောက်ကြိုးစားထားပြီးမှ ဘာမှပြောခွင့်မရလိုက်တော့ဘူး။

ဒီအကြောင်းတွေ ကို အာလာဒင်က ပြန်ပြောပြတာပါ။ ပျစ်ပျစ်နှစ် နှစ် ကြိုးစားပြီးမှ ဒီကောင် အတော် ရင်ကွဲပက်လက် ဖြစ်သွားတယ်။

ဒီဘက်က ကျွန်တော် တို့လည်း ဘာမှမတတ်နိုင်တော့ဘူး။ ဒီ လောက် အခြေအနေကောင်းလာပြီးမှ ဖြတ်ရိုက်ခံလိုက်ရသလို မှင်တက်နေ မိတယ်။ အဲဒီ တစ်ယောက်က ဘယ်သူလဲ။ ဘယ်က ပေါ်လာတာလဲ။ ဖြူနှင်း သူငယ်ချင်းကော ဟုတ်ရဲ့လား။

ကျွန်တော် တို့အုပ်စု ကြောင်ပြီးငေးနေတုန်း ဖြူနှင်းနဲ့ အဲဒီ ကောင် မလေးက ရှေ့က ဖြတ်လျှောက်သွားတယ်။ ဖျတ်ခနဲ ကျွန်တော့်ကို မထီ တရီလေး ကြည့်လိုက်တော့မှ မှတ်မိသွားတော့တယ်။ ဂန္ထဝင်ကင်တင်းထဲမှာ ကျွန်တော့်ကို မကြည်သလို ကြည့်သွားတဲ့ အာဖရိကတိုက်ကလေးပေ့ါ။

သူ ဘာ ဖြစ်လို့ ခုလိုလုပ်တာလဲ ကျွန်တော် မသိဘူး။ ကျွန်တော့် ရင်ထဲမှာ တော့ ပျော်စရာတွေ ကို လှမ်းမြင်လိုက်ရသလိုပဲ။ ကျွန်တော် အလိုလို ပြုံးမိသွားတယ်။ အာဖရိကတိုက်ကလေးကိုတော့ ဆက်လက်စူးစမ်းဖို့ လိုလာ ပြီလို့ တွေ းမိလို့ပါ။

*